ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

ဗုဒ္ဓသာသနာအဖွဲ့မှ ကျင်းပပြုလုပ်သည့်

# ၁၃၂၇-ခု (၁၉၆၅-ခု)

# ပိဋက မြန်မာပြန် စာမေးပွဲ

# မေးခွန်းများ

နှင့်

# ပြဋ္ဌာန်းသည့် သင်ခန်းစာများ

ရန်ကုန်မြို့

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ ခရစ် ၁၉၆၅

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ
ဗုဒ္ဓသာသနာအဖွဲ့

# ပိဋကမြန်မာပြန်စာမေးပွဲ

ပဌမဆင့်အတွက် ပြဋ္ဌာန်းသောစာအုပ်များ

၁။ ပိဋကမြန်မာပြန် ကျမ်းဦးမှတ်ဖွယ်စာအုပ်
၂။ ဒီဃနိကာယ် မြန်မာပြန် (တတိယတွဲ) ပါထိကဝဂ္ဂ (ကောက်နုတ်ချက်များ)
၃။ မဇ္ဈိမနိကာယ် မြန်မာပြန် (ဒုတိယတွဲ) မဇ္ဈိမပဏ္ဏာသ (ကောက်နုတ်ချက်များ)
၄။ အင်္ဂုတ္တရနိကာယ် မြန်မာပြန် (တတိယတွဲ) (ကောက်နုတ်ချက်များ)

---

**အသေးစိတ်ပြဋ္ဌာန်းချက်များ**

( ၁ ) ပိဋကမြန်မာပြန် ကျမ်းဦးမှတ်ဖွယ် (တအုပ်လုံး) ပိဋက ၃-ပုံအကျဉ်းချုပ် ဗုဒ္ဓ ဓမ္မ၏ အနှစ်သာရများ။

( ၂ ) ဒီဃနိကာယ် (တတိယတွဲ) ပါထိကဝဂ္ဂ

| သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| စက္ကဝတ္တိသုတ် | ၄၉-၆၉ | ကိုယ်ကျင့်တရား ကောင်းခြင်း၏ အကျိုးနှင့် ကိုယ်ကျင့်တရား ပျက်စီးခြင်း၏အကျိုး။ |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| အဂ္ဂညသုတ် | ၇၁-၈၆ | လူမျိုး တန်းစား ခွဲခြားမှု ပပျောက်ရေး၊ မကောင်းမှု ကံကြောင့် မကောင်းကျိုး ဖြစ်ပုံ ကမ္ဘာဖြစ်ပျက်ပုံနှင့် လူ့သမိုင်း။ |
| ပါသာဒိကသုတ် | ၁၀၇-၁၃၃ | မြတ်စွာဘုရား တရားတော်၌ ကြည်ညိုဖွယ်များ၊ မကောင်းသည့် အယူဝါဒ သမားတို့ ညီညွတ်ခြင်း မရှိနိုင်ပုံ။ |
| လက္ခဏသုတ် | ၁၃၅-၁၆၂ | ကံ,ကံ၏အကျိုးနှင့် လက္ခဏာ, လက္ခဏာ၏ အကျိုးများ။ |
| သိင်္ဂါလသုတ် | ၁၆၃-၁၇၆ | လူ့ကျင့်ဝတ်များ။ |

(၃) မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ

**ဂဟပတိဝဂ်**

| | | |
|---|---|---|
| သေခသုတ် | ၁၈-၂၅ | ဗုဒ္ဓ၏ တပည့်များ၌ အဆင့်ဆင့် ပြည့်စုံသည့်အချက်များ။ |
| အဘယရာဇကုမာရသုတ် | ၆၀-၆၄ | စကားခြောက်ခွန်း။ |

**ဘိက္ခုဝဂ်**

| | | |
|---|---|---|
| အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ် | ၈၄-၉၀ | မုသား၏ အပြစ်နှင့် အရာရာ တွင်ဆင်ခြင်၍ ပြုအပ်ကြောင်း။ |
| မဟာရာဟုလောဝါဒသုတ် | ၉၀-၉၆ | ဓာတ်ကြီးလေးပါး ပွါးများပုံ၊ အာနာပါနဿတိအကျိုး၊ ဗြဟ္မဝိဟာရဘာဝနာ၏အကျိုး။ |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| စာတုမသုတ် | ၁၂၉-၁၃၅ | ဘေးလေးပါး |

**ပရိဗ္ဗာဇကဝဂ်**

| | | |
|---|---|---|
| ဒီဃနခသုတ် | ၁၇၅-၁၇၉ | စွဲလမ်းမှုကိုပယ်ဖျောက်ပုံ- ၁၈။ |
| သန္ဒကသုတ် | ၁၉၁-၂၀၅ | အကျင့်မှား ၄-မျိုးနှင့် အကျင့်မှန် ၄-မျိုး။ |
| မဟာသကုလုဒါယီသုတ် | ၂၀၅-၂၂၆ | မှုမမှန်သောဝါဒ၌ အငြင်းအခုံပွါး၍ မှန်သောဝါဒ၌ သာယာညီညွတ်ခြင်း။ |

**ရာဇဝဂ်**

| | | |
|---|---|---|
| ရဋ္ဌပါလသုတ် | ၂၅၅-၂၇၀ | ပျက်စီးခြင်းလေးမျိုး။ |
| ဗောဓိရာဇကုမာရသုတ် | ၂၈၆-၃၀၆ | ဗုဒ္ဓဘုရားလောင်းဒုက္ကရစရိယာကျင့်ခဲ့ ပုံများ၊ အတတ် ပညာသင် ယူ သူ ၏ တတ် မြောက်ကြောင်း အ င်္ဂါ၊ ငါး ပါး၊ ကမ္မဋ္ဌာန်း အားထုတ် သူ၏ အင်္ဂါငါးပါး။ |

**(၄)အင်္ဂုတ္တိုရ် (တတိယတွဲ) အင္ဒကနိပါတ်ပဌမပဏ္ဏာသက**

**မေတ္တာဝဂ်**

| | | |
|---|---|---|
| **ပညာသုတ်** | ၂-၆ | ပညာရကြောင်း ၈ ပါး။ |
| **ပဌမလောကဓမ္မသုတ်** | ၇ | လောကဓံတရား ၈-ပါး။ |
| **ဒုတိယလောကဓမ္မသုတ်** | ၈-၁၀ | လောကဓံကိုခံနိုင်ရေး။ |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| **မဟာဝဂ်** | | |
| ဂိဟိသုတ် | ၂၆-၃၃ | အခြား ဂိုဏ်းများ ကိုလည်း လှူဒါန်းရန် ဗုဒ္ဓက ခွင့် ပြုကြောင်း။ |
| ပဟာရာဒသုတ် | ၄၀-၄၄ | အံ့ဖွယ်ရှစ်ဖြာ သာသနာ။ |
| **ဂဟပတိဝဂ်** | | |
| ပဌမ ဥဂ္ဂသုတ် | ၄၇-၅၀ | ဥပါသကာ၏ အံ့ဖွယ် ၈-ပါး။ |
| မဟာနာမသုတ် | ၅၆ | ဥပါသကာ၏တာဝန်များ။ |
| ဇီဝကသုတ် | ၅၇-၅၈ | ၎င်း |
| အနုရုဒ္ဓမဟာဝိတက္ကသုတ် | ၆၃-၆၉ | ယောကျ်ားမြတ်တို့၏ ကြံစည်ချက် ၈။ |
| **ဒါနဝဂ်** | | |
| အဘိသန္ဒသုတ် | ၇၇-၇၉ | ကုသိုလ်တရား တို့၏ အကျိုးများပုံ။ |
| ဒုစ္စရိတ ဝိပါကသုတ် | ၇၉-၈၀ | ငါးပါးသီလ မလုံခြင်း၏ အပြစ်များ။ |
| **ဥပေါသထဝဂ်** | | |
| သံခိတ္တူပေါသထသုတ် | ၈၀-၈၂ | ရှစ်ပါးသီလအကျဉ်း။ |
| ဝိတ္ထာရူပေါသထသုတ် | ၈၂-၈၅ | ၎င်းအကျယ်။ |
| ဝိသာခါသုတ် | ၈၅-၈၈ | ရှစ်ပါးသီလအကျိုး။ |
| **ဂေါတမီဝဂ်** | | |
| ဂေါတမီသုတ် | ၁၀၁-၁၀၅ | မိန်းမများ ရဟန်း ပြုနိုင်ခွင့်။ |
| ဒီဃဇာဏုသုတ် | ၁၀၇-၁၁၀ | စီးပွါးချမ်းသာ တိုးတက်ရေး။ |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| **နဝကနိပါတ် ပဌမပဏ္ဏာသက** | | |
| **သီဟနာဒဝဂ်** | | |
| ဝေလာမသုတ် | ၁၉၅-၁၉၇ | အလှူခံအဆင့်ဆင့် အကျိုးပေးအဆင့်ဆင့်။ |
| **ဒသကနိပါတ် ပဌမပဏ္ဏာသက** | | |
| **နာထဝဂ်** | | |
| ပဌမနာထသုတ် | ၂၇၅-၂၇၇ | ကိုးကွယ်ခံထိုက်ခြင်းအကြောင်းများ။ |
| ဒုတိယအရိယာဝါသသုတ် | ၂၈၁-၂၈၃ | အရိယာတို့၏နေနည်း။ |
| **ဥပါလိဝဂ်** | | |
| သံဃဘေဒသုတ် | ၃၁၃ | သံဃာကွဲပြားခြင်း၏အကြောင်းများ။ |
| သံဃသာမဂ္ဂီသုတ် | ၃၁၄ | သံဃာညီညွတ်ရေး။ |
| ပဌမအာနန္ဒသုတ် | ၃၁၄ | သံဃာသင်းခွဲခြင်း၏အပြစ်။ |
| ဒုတိယအာနန္ဒသုတ် | ၃၁၅ | သံဃာညီညွတ်ခြင်း၏ အကျိုး။ |
| **ဒသကနိပါတ် ဒုတိယပဏ္ဏာသက** | | |
| **သစိတ္တဝဂ်** | | |
| ဂိရိမာနန္ဒသုတ် | ၃၄၁-၃၄၄ | ရောဂါ ပျောက်ကြောင်းတရား (သညာ ၁၀-မျိုးပွါးများခြင်း။) |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| **ယမကဝဂ်** | | |
| အဝိဇ္ဇာသုတ် | ၃၄၄-၃၄၆ | အဝိဇ္ဇာသည် မကောင်းမှုတို့၏ အရင်းခံ ဖြစ်ပုံ။ |
| တဏှာသုတ် | ၃၄၆-၃၄၉ | တဏှာသည် မကောင်းမှုတို့၏ အရင်းခံ ဖြစ်ပုံ။ |
| **အာကင်္ခဝဂ်** | | |
| တယောဓမ္မသုတ် | ၃၆၀-၃၇၁ | အရေးကြီးသော သုံးပါးစု တရားများ။ |
| **ထေရဝဂ်** | | |
| အာနန္ဒသုတ် | ၃၇၃-၃၇၅ | သာသနာ၌ကျေးဇူးများသူနှင့် မများသူများ။ |
| **ဥပါလိဝဂ်** | | |
| ကာမဘောဂီသုတ် | ၃၉၂-၃၉၇ | ကာမဂုဏ် ခံစားသူတို့တွင် ကဲ့ရဲ့ထိုက်သူနှင့် ချီးမွမ်းထိုက်သူများ။ |
| ဘယသုတ် | ၃၉၇-၃၉၉ | သောတာပန်များ ထိုးထွင်း၍ သိရမည့်တရား။ |
| **ဒသကနိပါတ် တတိယပဏ္ဏာသက** | | |
| **သမဏသညာဝဂ်** | | |
| တိကိစ္ဆကသုတ် | ၄၂၅-၄၂၇ | ဗုဒ္ဓ၏ ဆေးကုပုံများ။ |

| ဝဂ်အမည်နှင့်သုတ်အမည် | စာမျက်နှာ | အကြောင်းအရာ |
|---|---|---|
| **ပစ္စောရောဟဏိဝဂ်** | | |
| ဒုတိယအဓမ္မသုတ် | ၄၃၀-၄၃၂ | ဓမ္မ အဓမ္မ ခွဲပုံများ။ |
| **ဒသကနိပါတ် စတုတ္ထပဏ္ဏာသက** | | |
| **ကရဇကာယဝဂ်** | | |
| ပဉ္စမသဉ္စေတနိကသုတ် | ၄၇၇·၄၈၁ | ကုသိုလ် အကုသိုလ်တို့၏ အကျိုးကို ကေန်ခံစားရကြောင်း။ |
| **အနုဿတိဝဂ်** | | |
| ပဉ္စမမဟာနာမသုတ် | ၅၁၈-၅၂၁ | အဖန်ဖန် ပွါးများထိုက်သောတရား ၆-မျိုး။ |
| ဂေါပါလသုတ် | ၅၃၃-၅၃၈ | သာသနာကို ထိန်းကျောင်းနိုင်သည့် ပုဂ္ဂိုလ်။ |

မြန်မာစာဖတ်တတ်သူတိုင်း ဗုဒ္ဓ၏တရားတော် ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှု မြန်မာ့စာပေနှင့် ဗုဒ္ဓစာပေတို့ကို အလွယ်တကူ သိနားလည်စေ၍၊ လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး စရိုက်ကောင်းများကို ကျင့်သုံးနိုင်ကြစေခြင်းစသော အကျိုးထူးများကို ရရှိကြစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဆဋ္ဌသံဂါယနာ ပိဋကတော် မြန်မာပြန်ကျမ်းများ ပြဋ္ဌာန်းထားသည့် ပိဋက မြန်မာပြန်စာမေးပွဲကြီးကို ၁၉၆၅-ခုနှစ် နွေရာသီ အစိုးရ ကျောင်းပိတ်ရက် မေလအတွင်း မြန်မာတပြည်လုံးရှိ အဘိဓမ္မာစာစစ်ဌာနများ အခြားဖြေဆိုသူများအတွက် မိမိတို့ဆိုင်ရာ မြို့နယ်များ၌ ဗုဒ္ဓသာသနာအဖွဲ့ကြီးမှ ကြီးမှူး၍ ကျင်းပမည်။

ဤစာမေးပွဲကို အစနှစ်တွင် ပဌမဆင့်နှင့် ဂုဏ်ထူးတန်း ၂-မျိုး ထား၍ ကျင်းပမည်ဖြစ်ရာ ပဌမဆင့်အတွက် ဓမ္မာစရိယစာမေးပွဲ မအောင်မြင်သေးသည့် မည်သည့်ပုဂ္ဂိုလ်မဆို ဖြေဆိုခွင့်ပြုမည်။ ဂုဏ်ထူးတန်းကိုမူ ယခုနှစ်အဘို့ မည်သူမဆို စာမေးပွဲဝင်ခွင့် လျှောက်ထားနိုင်သည်။ စာမေးပွဲဝင်ခွင့်ကိုမူ ၎င်းတို့၏ အရည်အချင်းအလိုက် စိစစ်၍ ခွင့်ပြုမည်။ လျှောက်လွှာများလက်ခံခြင်း ဆုချီးမြှင့်ခြင်းနှင့် စာမေးပွဲကျင်းပမည့် နေ့ရက် အတိအကျကို အချိန်နီးကပ်သည့်အခါ ထပ်မံ ကျေညာမည်ဖြစ်သည်။

(ဂုဏ်ထူးတန်းအတွက် ပြဋ္ဌာန်းချက်မှာ အဘိဓမ္မာပိဋကမှအပ ကျန်နိကာယ်မြန်မာပြန် အားလုံးဖြစ်သည်။)

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ
ဗုဒ္ဓသာသနာအဖွဲ့
ရန်ကုန်မြို့။

၁၉၆၅-၆၆ ခုနှစ်နှင့် ၁၉၆၆-၆၇ ခုနှစ် မေလတွင် ကျင်းပမည် ဖြစ်သော ပဌမဆင့်စာမေးပွဲအတွက် ပြဋ္ဌာန်းချက်မှာ အထက်ပါ အတိုင်းပင်ဖြစ်သည်။

ပိဋကတ်တော်မြန်မာပြန် အခြေခံစာမေးပွဲကို အသက် ၁၆-နှစ် အောက် ကလေးများအတွက် ၁၉၆၅-၆၆ ခုနှစ် မေလတွင် ကျင်းပ မည် ဖြစ်သည်။

ဗုဒ္ဓသာသနာအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

## ပဌမဆင့်။ ။ပဌမမေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက် (၉-၅-၆၅) တနင်္ဂနွေနေ့
ခွင့်ပြုသည့်အချိန်။ ။နှစ်နာရီခွဲ (နံနက် ၈-နာရီမှ ၁၀-နာရီခွဲထိ)
(ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာအသစ်၌ စတင်ရေးသားဖြေဆိုပါ)

---

၁။ ။ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမသည် ကိုယ်ကျိုးရှာစံနစ်ကို လက်မခံသော ဝါဒဖြစ်ကြောင်း သီဟသုတ်ကို ကိုးကား၍ ရှင်းလင်းဖြေဆိုပါ။

၂။ ။ယခုမျက်မှောက်ဘဝမှာပင် ငါးပါးသီလ လုံခြုံစွာ ကျင့်သုံးခြင်းအားဖြင့် မိမိနှင့်တကွ သူတပါးအတွက်ပါ ချမ်းသာသော အကျိုးကို ရရှိနိုင်ကြောင်း အဘိသန္ဒသုတ်ကို မှီငြမ်းပြု၍ ရှင်းလင်းရေးသားပါ။

သို့မဟုတ်

မည်သို့ကျင့်ဆောင်လျှင် မျက်မှောက်ဘဝ၌ စီးပွါးချမ်းသာတိုးတက်သော အကျိုးကို ရရှိနိုင်ပါသနည်း။ ဒီဃဇာဏုသုတ်အရ စေ့စုံစွာ ဖော်ပြဖြေဆိုပါ။

၃။ ။“ခေတ်အခြေအနေအရ ‘တရားသည်’၊ ‘မတရားသည်’ ဟူသော လောကသုံးဝေါဟာရ စကားတို့သည် ပုံသေမရှိနိုင်” ဟု ယခုကာလ အတွေးအခေါ်ပညာရှင်တစုတို့က ရေးသားပြောဆိုနေကြသည်။ သို့ရာတွင် ဗုဒ္ဓရှင်တော်ဘုရားကမူ “တရားနှင့် မတရား” တို့ကို ပုံသေမူချ၍ ဟောကြားတော်မူခဲ့သည်။ မည်သို့ ဟောကြားတော်မူခဲ့ပုံကို ဒုတိယ အဓမ္မသုတ်ကို ကိုးကား၍ ရှင်းလင်းရေးသားပါ။

သို့မဟုတ်

"သူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲခြင်းကြောင့် ဝိဇ္ဇာဝိမုတ္တိ (အရဟတ္တဖိုလ်ဉာဏ်)ကို ရနိုင်သည်"ဟု ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည်။ အကြောင်းအကျိုးအဆင့်ဆင့်အားဖြင့် မည်သို့ရနိုင်ပုံကို အဝိဇ္ဇာသုတ်အရ မိမိဉာဏ်မှီသမျှ ရှင်းလင်းဖော်ပြပါ။

၄။ ။ဒီဃနိကာယ် ပါသာဒိကသုတ်နှင့် မဇ္ဈိမနိကာယ် မဟာသကုလုဒါယီသုတ်တို့၌ ဟောကြားတော်မူသည့်အတိုင်း "မှုမမှန်၍ မကောင်းသည့် အယူဝါဒသမားများ ညီညွတ်ခြင်း မရှိနိုင်ပုံ"ကို ဝေဖန်ရေးသားပါ။

သို့မဟုတ်

မဇ္ဈိမနိကာယ် ဗောဓိရာဇကုမာရသုတ်၌ ဟောကြားတော်မူသည့် ဘုရားလောင်း ဒုက္ကရစရိယာကျင့်ပုံများကို မကျဉ်းမကျယ် ရေးသားဖော်ပြပါ။

၅။ ။မဟာရာဟုလောဝါဒသုတ်အရ အောက်ပါတရားများကို ပွါးများခြင်းကြောင့် မည်သည့်အကျိုးများ ရရှိသနည်း။အကြောင်း ပြဖြေဆိုပါ။

(က) မေတ္တာဘာဝနာ၊ (ဃ) ဥပေက္ခာဘာဝနာ၊
(ခ) ကရုဏာဘာဝနာ၊ (င) အသုဘဘာဝနာ၊
(ဂ) မုဒိတာဘာဝနာ၊ (စ) အနိစ္စဘာဝနာ။

သို့မဟုတ်

သေခသုတ်၌ ဟောကြားတော်မူသည့် အောက်ပါ အကြောင်းအရာတို့ကို ရှင်းလင်းရေးသားပါ။

(က) ဣန္ဒြေစောင့်စည်းပုံ၊
(ခ) ဘောဇဉ်၌ အတိုင်းအရှည်သိပုံ၊
(ဂ) နိုးကြားမှု၌ အားထုတ်ပုံ၊
(ဃ) သူတော်ကောင်းတရား (၇)ပါးနှင့် ပြည့်စုံပုံ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

## ပိဋကမြန်မာပြန် စာမေးပွဲ

**ပဉ္စမဆင့်။ ။ဒုတိယ မေးခွန်းလွှာ**

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက် (၉-၅-၆၅) တနင်္ဂနွေနေ့။

ခွင့်ပြုသည့်အချိန်။ ။သုံးနာရီ (မွန်းလွဲ ၁-နာရီမှ ညနေ ၄-နာရီထိ)

[ ကြိုက်နှစ်သက်ရာ ၅-ခု ဖြေဆိုပါ ]

---

( ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာအသစ်၌ စတင်ရေးသားဖြေဆိုပါ)

၁။ ။နိကာယ်ငါးရပ်နှင့် ပိဋကတ်သုံးပုံတို့၏ အဓိပ္ပါယ်ကို ရှင်းလင်း ဖော်ပြပြီးလျှင်၊ ၎င်းတို့အချင်းချင်း မည်သို့ ဆက်စပ်ပုံကို စေ့စုံစွာရေးပါ။

၂။ ။ကျမ်းဦးမှတ်ဖွယ်များမှ မည်သည့် ကျမ်းဦးမှတ်ဖွယ်ကို သင်အနှစ်သက်ဆုံးနည်း။ အကြောင်းပြရေးသားပါ။

သို့မဟုတ်

ဝိမာနနှင့် ပေတဝတ္ထု ကျမ်းဦးမှတ်ဖွယ်ကို ဖတ်ရှုခြင်းအားဖြင့် မည်သို့အကျိုးကျေးဇူးပွါးများစေသနည်း။ အကြောင်းပြဖြေဆိုပါ။

၃။ ။"မိမိ၌ ဖြစ်ပေါ်ကျရောက်နေသည့် ဆင်းရဲဒုက္ခမကောင်းကျိုးအားလုံးသည် မိမိ၏ မကောင်းမှုကံကြောင့်သာ ဖြစ်ရသည်။ သူတပါးတို့ကို ယိုးမယ်ဖွဲ့၍ အပြစ်တင်ဘွယ်မဟုတ်ချေ။" ဤဖော်ပြ

ချက်ကို ထောက်ခံသောအားဖြင့် အောက်ပါသုတ်တို့မှ အကိုးအကား ပြ၍ ရှင်းလင်းရေးသားပါ။

(က) စက္ကဝတ္တိသုတ်။
(ခ) အဂ္ဂညသုတ်။

၇။ ။"ချော့မော့ပေးကမ်းချီးမြှင့်သည့် နည်းလမ်း တခုတည်း ဖြင့်လည်း မလိမ္မာသူတို့ကို တတ်သိလိမ္မာအောင် မဖန်တီးနိုင်။ ပြစ်ဒဏ်ပေးသည့် နည်းလမ်းတခုတည်းဖြင့်လည်း မလိမ္မာသူတို့ကို တတ်သိလိမ္မာအောင် မဖန်တီးနိုင်"။ ဤအဆိုကို "စက္ကဝတ္တိသုတ်" ကို ကိုးကား၍ဝေဖန်ရေးသားပြီးလျှင် မည်သည့်နည်းဖြင့် ပြုပြင်မှ လိမ္မာနိုင်မည်ကို မိမိဉာဏ်သက်သမျှ ရေးသားဖော်ပြပါ။

၅။ ။ကံ၏အကျိုးပေးပုံကို "လက္ခဏသုတ်"မှ မိမိကြိုက်နှစ်သက် ရာ သာဓကငါးပါးကို ဖော်ပြပြီးလျှင် အဘယ်ကြောင့် ကြိုက်နှစ် သက်ကြောင်းကို အကြောင်းပြရေးသားပါ။

၆။ ။လူတိုင်းလူတိုင်း မိမိတို့၏ကျင့်ဝတ်တရားများကို စောင့် ထိန်းဆောင်ရွက်လျှင်ပင် သာယာစိုပြေ တရားမျှတသော လူ့ဘဝ လူ့လောကကြီးကို တူထောင်နိုင်မည်။ အကိုးအကားနှင့်ထောက်ခံ ရေးသားပါ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## ပဉ္စမနေ့—ပဉ္စမ မေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက် (၉-၅-၆၅) တနင်္ဂနွေနေ့
ခွင့်ပြုသည့်အချိန်။ ။နှစ်နာရီခွဲ (နံနက် ၈-နာရီမှ ၁၀း၃၀-နာရီထိ)။

---

(ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာ အသစ်၌ စတင်ရေးသား ဖြေဆိုပါ)။

## ဝိနယပိဋက

၁။ ။ဒုတိယပါရာဇိကဆိုင်ရာ မူလပညတ်, အနုပညတ်, ဝိနီတဝတ္ထုများ၌ထူးခြားမှတ်သားဖွယ်များ, ခေတ်အခြေအနေများ, အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့် အချက်များ, ဗုဒ္ဓဘာသာဝင်ဘုရင်တို့၏ သဘောထားများ မည်သို့ပါရှိပုံကို ရေးသားဖော်ပြပါ။

၂။ ။စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို ပါရာဇိက ၄-ပါး၌ အဘယ့်ကြောင့် ထည့်သွင်း ပညတ်ထိုက်ကြောင်းကို ဉာဏ်သက်ဝင်မိသမျှ ရေးသားဖော်ပြပါ။

၃။ ။ဒေဝဒတ်နှင့် အပေါင်းပါတို့ မြတ်စွာဘုရားထံ တောင်းဆိုသည့် ဝတ္ထု ၅-မျိုးတို့ကို မြတ်စွာဘုရားက ခွင့်ပြုတော်မမူခြင်း၌ သင်၏ထင်မြင်ချက်ကို ရေးသားဖော်ပြပါ။

### သို့မဟုတ်

"ပထဝီခဏန သိက္ခာပုဒ်, ဘူတဂါမ သိက္ခာပုဒ်တို့သည် ပညတ်ရလောက်အောင် အကြောင်း မလုံလောက်ဘူး"ဟု တဦးဦးက ဆိုလာခဲ့သော် အဘယ်သို့ ဖြေရှင်း ချေပ ပါမည်နည်း။

၄။ ။အောက်ပါတို့ကို ဝိနည်း မဟာဝဂ္ဂပါဠိတော် မြန်မာပြန် နှင့်အညီ ဖြေဆိုပါ။

(က) ရှင်သာမဏေပြုပေးပုံအစီအစဉ်။

(ခ) ရှင်သာမဏေပြုပေးထိုက်သောသူငယ်၏အသက် အရွယ်။

(ဂ) ရှင်သာမဏေ ပြုမပေးထိုက်သူ ၃၂-ယောက်မှ အနည်းဆုံး ၁၀-ယောက်။

၅။ ။ဥပဇ္ဈာယ်ဆရာ၌ တပည့်က ကျင့်ရမည့် ဝတ်တို့ကို စုရုံး၍ မကျဉ်းမကျယ် ရေးသားဖော်ပြပါ။

### သို့မဟုတ်

ဂရုဓမ်တရား ၈-ပါးကို ဖော်ပြပြီးလျှင် ထို၈-ပါးသည် ဘိက္ခုနီများအပေါ် ဖိနှိပ်လွန်းရာ ကျသည်ဟု ထင်မြင်ကြောင်းကို တဦးဦး က ဆိုလာခဲ့လျှင် အဘယ်သို့ ဖြေရှင်းပါမည်နည်း။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## ပဉ္စမနေ့—ဒုတိယ မေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၉-ရက် (၉-၅-၆၅) တနင်္လာနေ့။

ခွင့်ပြုသည့်အချိန်။ ။သုံးနာရီ (မွန်းလွဲ ၁-နာရီမှ ညနေ ၄-နာရီထိ)။

---

ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာအသစ်၌ စတင်ရေးသား ဖြေဆိုပါ)။

### ဒီဃနိကာယ်

၁။ ။ဗြဟ္မဇာလသုတ်လာ မျက်မှောက်နိဗ္ဗာန်အယူ ၅-မျိုး၌ ပါဝင်သည့် တရားများကိုပင် သာမညဖလသုတ်၌ ရဟန်းဖြစ်ကျိုးတရားအဖြစ် ဟောကြားတော်မူ၍၊မဇ္ဈိမနိကာယ် မူလပဏ္ဏာသ သလ္လေခသုတ်၌ မျက်မှောက်ချမ်းသာစွာနေရရေးတရားအဖြစ် ဟောတော်မူပြန်သည်။ ဤသို့ ဟောကြားတော်မူရာ၌ ကွဲပြားပုံကို ရှင်းလင်းဖော်ပြပါ။

သို့မဟုတ်

ဒိဋ္ဌိ ၆၂-ပါးနှင့် သက္ကာယဒိဋ္ဌိ ၂၀-တို့ မည်သို့ဆက်သွယ်ပုံကို အကြောင်းပြ ဖြေဆိုပါ။

၂။ ။"တမလွန်ဘဝမရှိ"ဟု ယူသော ရုပ်ဝါဒသည် ဗြဟ္မဇာလသုတ်လာ ဥစ္ဆေဒဝါဒနှင့်၎င်း၊ သာမညဖလသုတ်လာ အဇိတဝါဒနှင့်၎င်း မည်သို့တိုက်ဆိုင် ညီညွတ်သည်ကို ဝေဖန်ရေးသားပါ။

၃။ ။ပဋိစ္စသမုပ္ပါဒ် အင်္ဂါတို့တွင် ဝိညာဏ်နှင့် နာမ်ရုပ်တို့ အပြန်အလှန် အကြောင်းအကျိုးဖြစ်ပုံကို မဟာနိဒါနသုတ်အရ ရှင်းလင်းရေးသား၍ "မိမိသာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာရှိကုန်သည်ဖြစ်၍ နေကုန်လော့"ဟု ဟောတော်မူရာ၌ မှီခိုရာအရကို ဖော်ပြပါ။

၄။ ။ဗုဒ္ဓသာသနာတော်၌ မဟာသတိပဋ္ဌာနသုတ်တော်ကြီးသည် အဘယ့်ကြောင့် အရင်းခံဖြစ်သင့်ကြောင်း, အဘယ်မျှအရေးကြီးကြောင်းတို့ကို ဉာဏ်မှီသမျှ ရေးသား ဖော်ပြပါ။

## သို့မဟုတ်

"နတ်ပြည် ရှိသည်၊ နတ် ရှိသည်၊ ဗြဟ္မာပြည် ရှိသည်၊ ဗြဟ္မာ ရှိသည်"ဟူသော ဗုဒ္ဓစာပေကျမ်းဂန်လာ စကားတို့ကို ဗုဒ္ဓဘာသာဝင် မဟုတ်သူများ ယုံကြည်လက်ခံနိုင်အောင် အကြောင်းယုတ္တိပြ၍ ရှင်းလင်းရေးသားပါ။

၅။ ။လူများစုဆင်းရဲအားကြီးလာလျှင် အဘယ်သို့အဆင့်ဆင့်ဖြစ်တတ်ပုံများကို ဖော်ပြ၍ ထိုလူများစုဆင်းရဲခြင်းမဖြစ်စေရန် အဘယ်သို့ ဆောင်ရွက်သင့်ကြောင်း ရေးသားပါ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## ဒုတိယနေ့—ပဌမ မေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက် (၁၀-၅-၆၅) တနင်္လာနေ့၊
ခွင့်ပြုသည့်အချိန်။ ။နှစ်နာရီခွဲ (နံနက် ၈-နာရီမှ ၁၀း၃၀-နာရီထိ)။

---

(ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာ အသစ်၌ စတင်ရေးသား ဖြေဆိုပါ)။

### မဇ္ဈိမ နိကာယ်

၁။ ။အောက်ပါတရားတို့၏ သာယာဖွယ်အသီးသီး, အပြစ်အသီးသီးနှင့် ထွက်မြောက်ရာအသီးသီးတို့ကို ဖော်ပြပါ။

(က) ကာမဂုဏ် (ခ) ရုပ် (ဂ) ဝေဒနာ။

၂။ ။အကြံအစည်(ဝိတက်)များလွန်း၍ စိတ်ဒုက္ခရောက်နေသူ တဦးအတွက် ဝိတက်ငြိမ်အောင် လေ့ကျင့်နည်းကို ဝိတက္ကသဏ္ဌာနသုတ်လာတိုင်း မကျဉ်းမကျယ် ညွှန်ကြားရေးသားပါ။

သို့မဟုတ်

ကာမဂုဏ်တို့ကို (က) အသားမကပ်သောအရိုး၊ (ခ) သားတစ်၊ (ဂ) မြက်မီးရှူး၊ (ဃ) မီးကျီးတွင်း၊

(င) အိပ်မက်၊ (စ) အငှါးပစ္စည်း၊ (ဆ) အသီးရှိသော အပင်တို့နှင့်တူကြောင်းကို ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည်။ ထိုဥပမာအသီးသီးတို့၏ သဘောအသီးသီးတို့ကို ဗဟုသုတရှိသ၍ ဖော်ပြပြီးလျှင် ကာမဂုဏ်၏ အပြစ်သဘောများနှင့် မည်သို့ စပ်ဟပ်မိကြောင်းကို နှိုင်းယှဉ် ဖော်ပြပါ။

၃။ ။အရှင်မာလုကျပုတ္တ သိလိုလှသော အချက်ဆယ်ချက်ကိုရင်း, ထိုဆယ်ချက်ကို ဗုဒ္ဓရှင်တော်ဘုရားက အဘယ့်ကြောင့် ဖြေကြားတော်မမူသည်ကိုရင်း, အကယ်၍ သင်သည် မာလုကျပုတ္တဖြစ်ပါက ဗုဒ္ဓရှင်တော်ဘုရား၏ ပြန်လည် မိန့်ကြားတော်မူချက်အပေါ်၌ အဘယ်သို့ သဘောထားမည်ကိုရင်း ဖော်ပြပါ။

၄။ ။တေဝိဇ္ဇဝစ္ဆသုတ်, သန္ဒကသုတ်, ကဏ္ဏကတ္ထလသုတ်တို့မှ အလုံးစုံကိုသိမှု, အလုံးစုံကိုမြင်မှု အကြောင်းနှင့် စပ်လျဉ်း၍ ဟောကြားတော်မူချက်များကို စုပေါင်းဖော်ပြပါ။

### သို့မဟုတ်

မြတ်စွာဘုရားသည် အဘယ်စျာန်မျိုးကို ချီးမွမ်းတော်မူပြီးလျှင် အဘယ်စျာန်မျိုးကို ကဲ့ရဲ့တော်မူကြောင်း ရေးသားဖြေဆိုပါ။

၅။ ။ကိန္တိသုတ်သည် ဒီဃနိကာယ ပါထိကဝဂ် ပါသာဒိကသုတ်လာ အချက်များနှင့် မည်သို့ ဆက်စပ်မှုရှိနေပုံ, မည်သည့် အချက်များ ထူးခြားပုံတို့ကို ဖော်ပြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## ဒုတိယနေ့—ဒုတိယ မေးခွန်းလွှာ

၁၃၂၈-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက် ( ၁၀-၅-၆၅ ) တနင်္လာနေ့။
ဖြေဆိုရမည့်အချိန်။ ။သုံးနာရီ (မွန်းလွဲ ၁-နာရီမှ ညနေ ၄-နာရီထိ)။

---

(ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာအသစ်၌
စတင်ရေးသားဖြေဆိုပါ)။

## သံယုတ္တ နိကာယ်

၁။ ။သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်လာ အောက်ပါမေးခွန်းတို့ကို ဖြေဆိုပါ။

(က) အဘယ်တရားသည် တည်သည်ရှိသော် ကောင်းပါသနည်း။

(ခ) မိမိအိမ်၌ အဆွေခင်ပွန်းသည် အဘယ်နည်း။

(ဂ) အဘယ်တရားသည် လောကကို ပိတ်ဆို့အပ်ပါသနည်း။

(ဃ) ဆောင်ယူသော အဘယ် သူ့ကို ချစ်အပ်ပါသနည်း။

(င) သတ္တဝါသည် အဘယ်ကို မစွန့်ရာသနည်း။

## သို့မဟုတ်

အဘယ်သို့ ပြုကျင့်လျှင် မိမိကိုယ်ကို စောင့်ရှောက်အပ်သည်မည်၍ အဘယ်သို့ ပြုကျင့်လျှင် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်ပုံကို အတ္တရက္ခိတသုတ်၌ လာသည့်အတိုင်း ဥပမာနှင့်တကွ ရှင်းလင်းရေးသားပါ။

၂။ ။မှန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်ပုံကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်လာ ကစ္စာနဂေါတ္တသုတ်အရ ရေးသားဖြေဆိုပါ။

## သို့မဟုတ်

နိဒါနဝဂ္ဂသံယုတ် မဟာဝဂ်၌လာသော သုသိမပရိဗိုဇ်၏အကြောင်းကို အကျဉ်းချုပ်တင်ပြ၍ ၎င်းအား ရဟန္တာအဖြစ်သို့ ရောက်စေသော ဝိပဿနာတရားကား မည်သည့်တရား ဖြစ်ပါသနည်း၊ ရှင်းပြပါ။

၃။ ။ခန္ဓဝဂ္ဂသံယုတ် ထေရဝဂ်၌လာသော ခေမကသုတ်နှင့် အညီ အနာဂါမ်ပုဂ္ဂိုလ်၌ အသ္မိမာနကင်းပုံကို ဥပမာဖြင့်ပြ၍ ရဟန္တာအဆင့်သို့ ကူးပြောင်းရန် ဝိပဿနာပွါးပုံကို ရေးပြီးလျှင် ရဟန္တာပုဂ္ဂိုလ်၌ အသ္မိမာနကင်းပုံကိုလည်း ဥပမာဖြင့် ထင်ရှားအောင်ရေးသားပါ။

၄။ ။သဠာယတနဝဂ္ဂသံယုတ် ဆန္နဝဂ်၌လာသော ဆန္နမထေရ်အကြောင်းကို အကျဉ်းချုပ်ဖော်ပြ၍ ၎င်း၏ "ဝိပဿနာပွါးများနည်း"ကိုလည်း တင်ပြပါ။

၅။ ။မည်သို့သော အချိန်အခါ၌ မည်သည့်ဗောဇ္ဈင်တရားတို့ကို မပွါးများသင့်ကြောင်း, မည်သည့် ဗောဇ္ဈင်တရားတို့ကို ပွါးများသင့်ကြောင်း ဥပမာတို့ဖြင့် တန်ဆာဆင်၍ ပြည့်စုံစွာရေးသားပြီးလျှင် အခါခပ်သိမ်း ပွါးများသင့်သော ဗောဇ္ဈင်ကိုလည်း ဖော်ပြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## တတိယနေ့—ပဉ္စမ မေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၁၁-ရက် (၁၁-၅-၆၅) အင်္ဂါနေ့။
ခွင့်ပြုသည့်အချိန်။ ။နှစ်နာရီခွဲ (နံနက် ၈-နာရီမှ ၁၀း၃၀-နာရီထိ)။

---

(ညွှန်ကြားချက်။ ။အဖြေဘာခုကို စာမျက်နှာ အသစ်၌ စတင်ရေးသား ဖြေဆိုပါ)။

### အင်္ဂုတ္တရ နိကာယ်

၁။ ။ပိဋကတ်သုံးပုံ ပါဠိတော်မြန်မာပြန်များကို ဘတ်ရှုလေ့လာသင်ကြားရခြင်း၏ အကျိုးတရားများကို အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်နှင့်အညီ တင်ပြပါ။

### သို့မဟုတ်

အနည်းငယ်သော အကုသိုလ်ကို ပြုခြင်းတူပါလျက် ပုဂ္ဂိုလ်အလိုက် အကျိုးပေးမတူပုံကို တိကနိပါတ် လောဏကပလ္လသုတ်မှ နှစ်သက်ရာ ဥပမာတခုခုကို ထုတ်ဆောင်၍ ရှင်းလင်းရေးသားပါ။

၂။ ။ဝိညာဏ်၏တည်ရာ 'ဝိညာဏဋ္ဌိတိ' ၇-ပါးကို သတ္တဝိညာဏ-ဋ္ဌိတိကသုတ်နှင့်အညီ ဖော်ပြ၍ တိရစ္ဆာန်တို့ မည်သည့် ဝိညာဏဋ္ဌိတိ၌ ပါဝင်သင့်သည်ကို ဉာဏ်မီသမျှ အကြောင်း ပြ၍ ဆုံးဖြတ်ပါ။

၃။ ။လူထုအကြိုက် ဒုလ္လဘရတနာ ၅-မျိုးနှင့် ဘုရားရှင်အကြိုက် ဒုလ္လဘရတနာ ၅-မျိုးကို ပဉ္စကနိပါတ် သာရန္ဒဒသုတ်နှင့် အညီ ဖြေဆိုပါ။

သို့မဟုတ်

နိဗ္ဗာန်ချမ်းသာကို ပေါ်လွင်အောင် ဥပမာအဆင့်ဆင့် တို့ဖြင့် တန်ဆာဆင်၍ အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်နှင့် အညီ တင်ပြပါ။

၄။ ။အရှက်အကြောက်တရား ရှိသောသူသည် နိဗ္ဗာန်အထိ ရောက်နိုင်ပုံကို အကြောင်းအကျိုး အဆင့်ဆင့်တို့ဖြင့် တန်ဆာဆင်၍ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်နှင့်အညီ ရေးသားပါ။

၅။ ။သာသနာတော်စောင့် ပုဂ္ဂိုလ်များ၌ ရှိရမည့်ဂုဏ်အင်္ဂါ တို့ကို နွားကျောင်းသား၌ရှိရမည့် ဂုဏ်အင်္ဂါတို့နှင့် နှိုင်း ယှဉ်၍ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်နှင့်အညီ တင်ပြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့မှ
ကျင်းပပြုလုပ်သည့်

# ပိဋကမြန်မာပြန် စာမေးပွဲ

# ဂုဏ်ထူးတန်း

## တတိယနေ့—ဒုတိယ မေးခွန်းလွှာ

၁၃၂၇-ခုနှစ်၊ ကဆုန်လဆန်း ၁၁-ရက် (၁၁-၅-၆၅) အင်္ဂါနေ့။
ခွင့်ပြုသည့်အချိန်။ ။သုံးနာရီ (မွန်းလွဲ ၁-နာရီမှ ညနေ ၄-နာရီတိ)။

---

(ညွှန်ကြားချက်။ ။အဖြေတခုကို စာမျက်နှာအသစ်၌ စတင်ရေးသား ဖြေဆိုပါ)။

## ခုဒ္ဒက နိကာယ်

၁။ ။ဓမ္မပဒပါဠိတော် မြန်မာပြန်၌ စိတ်နှင့်စပ်လျဉ်း၍ ဟောကြားထားသော တရားဒေသနာများကို စွမ်းအားရှိသမျှ ရေးသားပါ။

၂။ ။အောက်ပါ ပါဠိတော် မြန်မာပြန်ကျမ်းများ၌ပါရှိသော နိဗ္ဗာန်နှင့် သက်ဆိုင်သော အဆုံးအဖြတ်များကို အကျဉ်းချုပ် တင်ပြပါ။

(က) ဥဒါန်းပါဠိတော် မြန်မာပြန်။

(ခ) ဣတိဝုတ်ပါဠိတော် မြန်မာပြန်။

၃။ ။သာသနာတော်ထမ်း ရဟန်းတော်မြတ်များသည် တပ်မတော်ကြီး ၁၀-တပ်တို့နှင့် တိုက်ပွဲဖြစ်ပွားလျက်ရှိသည်၊ ယင်းတပ်မတော် ၁၀-တပ်တို့၏ အမည်များနှင့် ရင်ဆိုင်တိုက်ပွဲများအကြောင်းကို စုံလင်စွာ တင်ပြပါ။

သို့မဟုတ်

အပဒါန်ပါဠိတော် မြန်မာပြန်ကျမ်းများ၌ မည်သို့သော အကြောင်းအရာများကို ဟောကြားတော်မူထားပါသနည်း၊ စွမ်းအားရှိသမျှ အကျဉ်းချုပ် တင်ပြပါ။

၄။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်၌ ဟောကြားတော်မူသော တရားတော်များကို အင်္ဂုတ္တရနိကာယ်ပါဠိတော် မြန်မာပြန်ကျမ်းများနှင့် နှိုင်းယှဉ်၍ သိသာရုံ အကိုးအကားနှင့် ဝေဘန်ပြပါ။

သို့မဟုတ်

ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန် ကျမ်းများကို ဖတ်ရှုလေ့လာ သင်ကြားပြီးသောအခါ ၎င်းကျမ်းအပေါ်၌ မည်သို့ မှတ်ချက်ချမိပါသနည်း၊ မိမိ၏ ထင်မြင်ယူဆချက်များကို စွမ်းအားရှိသမျှ တင်ပြပါ။

၅။ ။နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးများကို အောက်ပါ ဝတ္ထုပစ္စည်းတို့၏ ဂုဏ်တို့နှင့် နှိုင်းယှဉ်၍ မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်နှင့်အညီ တင်ပြပါ။

(က) ကြာပဒုမ္မာ (ခ) ရေ (ဂ) ဆေး (ဃ) သမုဒ္ဒရာ

(၂) ၁၀,၀၀၀။—၄·၆·၆၅—၂၂၀—ပ·မ·ပ·သ·စ